ငါးကင်း(မ)ကျေးရွာ

မြင်းမူမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၉-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ငါးကင်း(မ)ကျေးရွာ၊မြင်းမူမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၉ခုနှစ်

မာတိကာ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့်ပထဝီအနေအထား

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

၅။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

၆။ ပညာရေး

၇။ ကျန်းမာရေး

၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၉။ ကျား-မရေးရာ

၁၀။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာတည်မှုဆိုင်ရာအခြေပြဇယား

၁။ တည်နေရာနှင့်ပထဝီအနေအထား

အိမ်ထောင်စုပေါင်း(၂၄၇)စု နှင့် ကျား(၄၈၇)၊ မ(၅၆၇)ဦးဖြင့် လူဦးရေပေါင်း (၁၀၅၄)ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း(၅)ဦး ထက်လျော့နည်းသည်။ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့် အရွယ်သည် ကျေးရွာရှိလူဦးရေအားလုံးတို့၏ (၇၃.၆%) ရှိပါသည်။

ငါးကင်း(မ)ကျေးရွာသည်မြင်းမူမြို့၏ မြောက်ဘက်တွင်တည်ရှိပါသည်။ ကျေးရွာ၏ မြောက်ဘက်တွင် အရာတော်မြို့၊ တောင်ဘက်တွင်ခွက်ခွင်းကျေးရွာ၊ အနောက်ဘက်တွင် ကံသုံးဆင့်ကျေးရွာနှင့် အရှေ့ဘက်တွင် ထိန်ကန်ကျေးရွာများရှိပါသည်။ မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေး လုပ်ငန်းဖြစ်သည်။

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး လယ်မြေ၊ ယာမြေနှင့် ဥယျာဉ်ခြံမြေ များရှိပြီး မြေဆီလွှာ အရည်အသွေး အသင့်အတင့်ကောင်းမွန်ပါသည်။ ကျန်ပ်တို့ကျေးရွာတွင် အဝီစိတွင်းရေမှ စိုက်ပျိုးရေးကို အဓိကထားစိုက်ပျိုးနိုင်သည်။ မြို့နယ်သည် အပူပိုင်းဒေသတွင် ပါဝင်ပြီး မိုးရေချိန် (၄၀)လက်မအောက်သာ ရရှိပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်း (၆)ဖွဲ့ရှိပါသည်။ တောင်သူလယ်သမားအဖွဲ့၊ လူငယ်အဖွဲ့၊ အမျိုးသမီးအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ လှိုင်ထော်စု ပရဟိတအဖွဲ့နှင့် မီးကော်မတီအဖွဲ့တို့ ဖြစ်ပါသည်။ အမျိုးသား၊ အမျိုးသမီးပူးပေါင်းပါဝင်ကြပါသည်။ ကျေးရွာ၏ သာရေး၊ နာရေး၊ လူမှုရေး၊ ဘာသာရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရောပါဝင်ဆောင်ရွက်ကြပါသည်။ ပရဟိတ အဖွဲ့များကို ကျေးရွာလူငယ်များက ဖွဲ့စည်းထား၍ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စရပ် များကို ဆောင်ရွက်လျက်ရှိကြပါသည်။

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေ အနေအထားမှာ အသင့်အတင့်သာရှိပါသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၆၉.၇)ရာခိုင်နှုန်းသည် ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုအဖြစ်သတ်မှတ်ကြပြီး (၈.၅)ရာခိုင်နှုန်း

သည် ချမ်းသာသည့်အဆင့်၊(၂၁.၈)ရာခိုင်နှုန်းသည် အလယ်အလတ်အဆင့် ရှိကြသည်ဟု သတ်မှတ်ကြပါသည်။ ကျေးရွာတွင်ယာမြေ(၁၃၂၈)ဧက၊ လယ်မြေ(၁၁၀၇)ဧကာ နှင့် ဥယျာဉ်ခြံမြေ (၉၀၆)ဧကာ ရှိပါသည်။ မြေဆီမြေဩဇာ များ ယေဘူယျအားဖြင့် အသင့်အတင့်သာ ရှိပါသည်။ စိုက်ပျိုးရေးကို အများအားဖြင့် အဝီစိတွင်းများမှ ရရှိပါသည်။

ကျေးရွာတွင် အဓိကအားဖြင့် မြေပဲနှင့် ကွမ်းကို စိုက်ပျိုးကြပါသည်။ ပျမ်းမျှအားဖြင့် အထွက်နှုန်းအသင့်အတင့်ရှိပါသည်။ အချို့အိမ်ထောင်စုများမှာ သရက်၊ သနပ်ခါးနှင့် လျှော်ဖြူခြံများ ရှိကြသည်။ မြေပဲတစ်ဧကလျှင် ပျမ်းမျှ(၂၅)တင်းနှုန်း ထွက်ပါသည်။ လယ်ယာသုံးစက်ကိရိယာ အနေဖြင့် ထွန်စက် (၁၇)စီး၊ လက်တွန်းထွန်စက် (၅၇)စီးနှင့် ရေစုပ်စက် (၁၂၅)လုံးရှိပါသည်။ ထွန်စက်အပိုင်မရှိသည့် တောင်သူများသည် ငှားရမ်းထွန်ယက်ကြရာ တစ်ဧကလျှင် ကာလပေါက်ဈေး (၃၀၀၀၀/-)ကျပ်ဝန်းကျင်ပေးငှားရကာ ငှားရမ်းခ ဈေးအလွန်ကြီးမြင့်မှုကို တောင်သူများ ရင်ဆိုင်နေရပါသည်။

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသာ ချေးငွေကို တစ်လအတိုးနှုန်း (၇၀)ပြားတိုး၊ တစ်ဧက (၁၅၀၀၀၀/-)ကျပ်နှုန်းဖြင့် အများဆုံး မြေဧက (၁၀)ဧကာ ရှိသူများသာ (၉၀၀၀၀၀/-)ကျပ်ကို ချေးယူနိုင်ကြပါသည်။ မွေးမြူရေးအနေဖြင့် နွားကိုသာ ခိုင်းစေရန်အဖြစ် မွေးမြူကြပြီး စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူမရှိပါ။ ဝက်၊ ကြက်ကို မွေးမြူသူနည်းပါးပါသည်။

အိမ်ထောင်စုအချို့မှာလည်း ကျပန်းလက်လုပ်လက်စား၊ လက်သမားး၊ ပန်းရံ၊ အိမ်ဈေးဆိုင် စသော အသေးစား အိမ်တွင်းလုပ်ငန်းများလည်း လုပ်ကိုင်ကြသည်။ ကျပန်းအလုပ်သမားအချို့သည် လခစားအလုပ်အနေဖြင့် အခြားမြို့များသို့ သွားရောက်အလုပ်လုပ်ကိုင်ကြရသည်။

၅။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

ကျေးရွာချင်းဆက်လမ်းမှာ မြေသားလမ်းဖြစ်ပြီး အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာ၏ ကုန်သွယ်မှုနှင့် လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်(၂၉၉)စီးနှင့် နွားလှည်း(၉၉)စီး၊ ကား(၁၁)စီးတို့ကို အသုံးပြုကြပါသည်။ ကျေးရွာတွင်လျှပ်စစ်မီး ရရှိပြီး ဖြစ်ပါသည်။ အိမ်တိုင်းနီးပါးမှာ လက်ကိုင်ဖုန်း အသုံးပြုနေကြပြီဖြစ်ပါသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့် မျှသာကောင်းမွန်ပြီး အခြားသတင်းအချက်အလက်

များအတွက် ချိတ်ဆက်အသုံးပြုကြပါသည်။ ရွာသူ/ရွာသား အများစုသည် စာပေဗဟုသုတ လွန်စွာအားနည်းနေပါသေးသည်။

၆။ ပညာရေး

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်မြင့်မားကြောင်းတွေ့ရှိရသည်။ ရွာသားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး စာမတတ်သူ ရာခိုင်နှုန်းသည် (၇)ရာခိုင်နှုန်းသာရှိပါသည်။ လူဦးရေ၏ တစ်ဝက်ကျော်သည် အခြေခံမူလတန်း ပညာပြီးမြောက် သူများဖြစ်ကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် အခြေခံပညာ အထက်တန်း ကျောင်းခွဲဆင့်ရှိပါသည်။ ဆရာ/ဆရာမ အစိုးရခန့်(၁၀)ဦးရှိပါသည်။ ကျောင်းသားဦးရေနှင့်တွက်ဆ လျှင် မလုံလောက်ပါ။ ကျေးရွာတွင် ကျောင်းသား/သူများ ပညာသင်ကြားရာတွင် အဆောင်(၁)အလျား (၉၀)ပေ၊အနံ(၃၀)ပေ၊ အဆောင်(၂) အလျား(၉၀)ပေ၊ အနံ(၃၃)ပေနှင့် အဆောင်(၃) အလျား (၇၅)ပေ၊ အနံ(၃၀)ပေ အရွယ်ရှိ သွပ်မိုး၊အုတ်နံရံကာနှင့် အင်္ဂတေအခင်း ကျောင်းဆောင်(၃)ဆောင်ဖြင့် သင်ကြားပေးနေပါသည်။ ကျောင်း၌ ပဓိရုပ်သည် အသင့်အတင့် ကောင်းမွန်ပါသည်။

၇။ ကျန်းမာရေး

ကျေးရွာတွင် အသင့်အတင့်အဖြစ်များသော ရောဂါများမှာ ဝမ်းပျက်ဝမ်းလျှောခြင်း၊ ဆီးချို၊ တီဘီ နှင့်ရာသီကူးပြောင်းချိန်တွင် ဖြစ်တတ်သော နာစေချောင်းဆိုးလောက်သာ ဖြစ်ပွားကြပါသည်။ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များကာကွယ်ဆေးပုံမှန်လာရောက် ထိုးနှံမှုရှိပါသည်။ ကျေးရွာ ကျေးလက်ဆေးပေးခန်းတွင် ဆေးကုသမှုအလွယ်တကူရရှိနိုင်ပြီး (၁၄)မိုင်နှုန်းခန့်ကွာဝေးပြီး ကား လမ်းဖြင့် သွားလာရသော မြို့နယ်ဆေးရုံ၊ ဆေးဆိုင်များနှင့်လည်း အသင့်အတင့်လက်လှမ်းမှီသည်။

ကျေးရွာတွင် ရေတွင်း၊ ရေကန်များမှာ အလွယ်တကူရရှိနိုင်ပါသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားသော ရောဂါဖြစ်ပွားမှုများ နည်းပါသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျဆောက်လုပ်ထားပြီး ကျောင်းသား/သူများအတွက် အသုံးပြုရန်လွယ်ကူသည်။

၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာ၏ သဘာဝဘေးအန္တရာယ်ကျရောက်မှုအခြေအနေသည် မရှိသလောက်နည်းပါးပါသည်။ မိုးခေါင်ချိန်တွင် အလုပ်ကိုင်ရှားပါးပြီး၊ မြေယာမဲ့တောင်သူများနှင့် လက်လုပ်လက်စားများ အလုပ်အကိုင်ရှားပါးပြီး ဝင်ငွေနည်းပါးခြင်းများကြုံတွေ့ရပါသည်။ စွန့်ပစ်ပစ္စည်းများကိုလည်း စနစ်တကျ စွန့်ပစ်ကြပါသည်။

၉။ ကျား–မ ရေးရာ

ကျေးရွာတွင်ကျား/မဆိုင်ရာဆက်နွယ်မှုအနေအထားမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပါသည်။ ကျေးရွာတွင်အမျိုသား/အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျအားဖြင့် ပြောနိုင်သည်။ အုပ်ချုပ်ရေးအသင်းအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာအလွန်လျော့နည်းလျက်ရှိသော်လည်းအခြားလူမှုရေးအသင်းအဖွဲ့ များတွင်မူ အမျိုးသမီးပါဝင်မှု အသင့်အတင့်ရှိကြသည်။

၁၀။ ကျေးရွာမှရွေးချယ်ထားသောဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဦးစားပေးစီမံချက်	ဦးစားပေးအဆင့်
၁	အခြေခံအဆောက်အဦ	ကျေးရွာတွင်းမှ စာသင်ကျောင်းသို့သွားသောလမ်းအား ကွန်ကရစ်ခင်းခြင်း	၁
၂	ပညာရေး	စာသင်ကျောင်းအုတ်တံတိုင်းဆောက်လုပ်ခြင်း	၂
၃	အခြေခံအဆောက်အဦ	ကျေးရွာတွင်းရေနှုတ်မြောင်းတူးဖော်ခြင်း	၃
၄	လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေး	အရန်မီးသတ်ကားဝယ်ယူခြင်း	၄
၅	စိုက်ပျိုးရေး	စိုက်ပျိုးရေးအသိပညာပေးသင်တန်းများဖွင့်လှစ်ခြင်း	၅